# သတိပေးချက် - ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်အား ပျက်စီးစေခြင်းကို တားမြစ်ပါသည်။ !

**ချိုးဖောက်ပါက ဒဏ်ကြေး နှင့်/သို့မဟုတ် ထောင်ဒဏ် ကျခံရပါမည်။**

## တားမြစ်ထားသည့် လုပ်ဆောင်ချက်များ -

- ရွေးကောက်ပွဲ လိမ်လည်မှုကို ကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန်ရန် အားထုတ်ခြင်း *မပြုလုပ်ပါနှင့်။*
- ဆန္ဒမဲထည့်ရန် သို့မဟုတ် ဆန္ဒမဲမထည့်ဘဲ ရှောင်နေရန် ပုဂ္ဂိုလ်တစ်ဦးအား ဆွဲဆောင်ခြင်း သို့မဟုတ် ဆွဲဆောင်ရန် ကြိုးပမ်းခြင်း ပြုလုပ်ရန်အတွက် မည်သည့်ပုံစံ သို့မဟုတ် မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို မည်ကဲ့သို့သော ငွေကြေး သို့မဟုတ် တံစိုးလက်ဆောင်မျိုးကိုမျှ ပေးကမ်းခြင်း *မပြုလုပ်ပါနှင့်။*
- တရားမဝင် ဆန္ဒမဲပေးခြင်း *မပြုလုပ်ပါနှင့်။*
- ဆန္ဒမဲပေးရန် အခွင့်မရှိပါက ဆန္ဒမဲပေးရန် ကြိုးပမ်းခြင်း သို့မဟုတ် ဆန္ဒမဲပေးရန် အခြားသူကို ကူညီခြင်း *မပြုလုပ်ပါနှင့်။*
- မဲဆွယ်စည်းရုံးရေးဆင်းခြင်း၊ မဲပေးသည့်နေရာသို့ ဝင်လာသော သို့မဟုတ် ထွက်သွားသော ဆန္ဒမဲပေးသူကို ဓာတ်ပုံရိုက်ခြင်း သို့မဟုတ် မှတ်တမ်းတင်ခြင်း၊ သို့မဟုတ် ဝင်ခြင်း၊ ထွက်ခြင်း သို့မဟုတ် ကားရပ်နားခြင်းကို နှောင့်ယှက်ဟန့်တားခြင်း *မပြုလုပ်ပါနှင့်။*
- ပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်ကို စမ်းသပ်စိန်ခေါ်ခြင်း သို့မဟုတ် မဲဆန္ဒရှင်များ ဆန္ဒမဲမပေးနိုင်အောင် ဟန့်တားခြင်း၊ မဲပေးခြင်း လုပ်ငန်းစဉ်ကို နှောင့်နှေးစေခြင်း သို့မဟုတ် မည်သည့် ပုဂ္ဂိုလ်တစ်ဦးကိုမဆို သူ သို့မဟုတ် သူမသည် ဆန္ဒမဲပေးရန် အရည်အချင်း မပြည့်မီကြောင်း သို့မဟုတ် ဆန္ဒမဲပေးရန် မှတ်ပုံတင်မထားကြောင်း လိမ်လည်လှည့်ဖြား၍ အသိပေးခြင်း စသည်တို့ကို *မပြုလုပ်ပါနှင့်။*
- ဆန္ဒမဲပေးသူသည် ၎င်း၏ မဲစာရွက်ကို မည်သို့ ဆန္ဒမဲပေးခဲ့ကြောင်း လေ့လာစိစစ်ရန် ကြိုးပမ်းခြင်း *မပြုလုပ်ပါနှင့်။*
- ခြွင်းချက်အချို့နှင့်အတူ မဲပေးသည့်နေရာ၏ တိုက်ရိုက်အနီးဝန်းကျင်တွင် လက်နက်ကိုင်ဆောင်ခြင်း သို့မဟုတ် တစ်စုံတစ်ဦး လက်နက်ကိုင်ဆောင်ရန်အတွက် စီစဉ်ပေးခြင်း *မပြုလုပ်ပါနှင့်။*
- ခြွင်းချက်အချို့နှင့်အတူ မဲပေးသည့်နေရာ၏ တိုက်ရိုက်အနီးဝန်းကျင်တွင် ငြိမ်းချမ်းရေး အရာရှိ၊ အစောင့် သို့မဟုတ် လုံခြုံရေး အမှုထမ်း၏ ယူနီဖောင်းဖြင့် လာရောက်ခြင်း သို့မဟုတ် တစ်စုံတစ်ဦး လာရောက်ရန်အတွက် စီစဉ်ပေးခြင်း *မပြုလုပ်ပါနှင့်။*
- ဆန္ဒမဲပေးခြင်းစနစ်၏ မည်သည့် အစိတ်အပိုင်းတစ်ခုကိုမဆို ကလီကမာ ပြုလုပ်ခြင်း သို့မဟုတ် ဝင်ရောက်စွက်ဖက်ခြင်း *မပြုလုပ်ပါနှင့်။*
- ရွေးကောက်ပွဲ တရားဝင် အထောက်အထားများကို လိမ်လည်တုပခြင်း၊ တုပဖန်တီးခြင်း သို့မဟုတ် ကလီကမာလုပ်ခြင်း *မပြုလုပ်ပါနှင့်။*
- ရွေးကောက်ပွဲ တရားဝင် အထောက်အထားများကို ပြောင်းလဲခြင်း *မပြုလုပ်ပါနှင့်။*
- မည်သည့် မဲစာရင်း၊ တရားဝင် မဲစာရွက် သို့မဟုတ် မဲပုံးကိုမျှ ကလီကမာလုပ်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပြောင်းလဲခြင်း *မပြုလုပ်ပါနှင့်။*
- တရားဝင် မဲပုံး အဖြစ် ဆန္ဒမဲပေးသူ ယုံကြည်အောင် လှည့်ဖြားနိုင်သည့် တရားဝင် မဟုတ်သော မည်သည့် မဲပုံးကိုမျှ ပြသခြင်း *မပြုလုပ်ပါနှင့်။*
- မဲပေးထားသည့် ရလဒ်များ၏ မိတ္တူကို ကလီကမာပြုခြင်း သို့မဟုတ် ဝင်ရောက်စွက်ဖက်ခြင်း *မပြုလုပ်ပါနှင့်။*
- စာမဖတ်တတ်သူ သို့မဟုတ် သက်ကြီးရွယ်အိုတစ်ဦးကို ကိုယ်စားလှယ်လောင်းတစ်ဦး သို့မဟုတ် စီမံချက်တစ်ခုအား ထောက်ခံမဲပေးရန် သို့မဟုတ် ဆန့်ကျင်၍မဲပေးရန် ၎င်းတို့၏ ဆန္ဒနှင့် ဆန့်ကျင်၍ အကျပ်ကိုင်ခြင်း သို့မဟုတ် လှည့်ဖြားခြင်း *မပြုလုပ်ပါနှင့်။*
- သင်သည် ရွေးကောက်ပွဲ အရာရှိ မဟုတ်လျှင် အရာရှိအဖြစ် ဆောင်ရွက်ခြင်း *မပြုပါနှင့်။*

*အလုပ်ရှင်များ*သည် အလုပ်သမားများအား ၎င်းတို့၏ စာတိုက်မှပို့ရမည့် မဲစာရွက်ကို လုပ်ငန်းခွင်သို့ ယူဆောင်လာရန် တောင်းဆိုခြင်း သို့မဟုတ် သတ်မှတ်ခြင်း သို့မဟုတ် အလုပ်သမားများအား လုပ်ငန်းခွင်တွင် ၎င်းတို့၏ ဆန္ဒမဲအား မဲပေးရန် တောင်းဆိုခြင်း မပြုလုပ်နိုင်ပါ။ လစာ သို့မဟုတ် လုပ်အားခများ ပေးချိန်၌ အလုပ်ရှင်များသည် ၎င်းတို့အလုပ်သမားများ၏ နိုင်ငံရေး ထင်မြင်ချက်များ သို့မဟုတ် လုပ်ဆောင်ချက်များအပေါ် လွှမ်းမိုးရန် ကြိုးပမ်းသည့် အရာများကို ပူးတွဲပေးခြင်း မပြုလုပ်နိုင်ပါ။

*မဲဆန္ဒနယ် ဘုတ် အဖွဲ့ဝင်များ* သည် ဆန္ဒမဲပေးသူက ၎င်း၏ မဲစာရွက်ကို မည်သို့ မဲပေးကြောင်း ဆုံးဖြတ်ရန် ကြိုးပမ်းအားထုတ်ခြင်း သို့မဟုတ် အကယ်၍ အဆိုပါ အချက်အလက်ကို တွေ့ရှိခဲ့ပါက ဆန္ဒမဲပေးသူက ၎င်း၏ မဲစာရွက်ကို မည်သို့ မဲပေးခဲ့ကြောင်း ထုတ်ဖော်ပြောကြားခြင်း မပြုလုပ်နိုင်ပါ။

အထက်တွင် အကျဉ်းချုပ်ဖော်ပြထားသော ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်အား ပျက်စီးစေခြင်းနှင့် စပ်လျဉ်းသည့် လုပ်ဆောင်ချက်အပေါ် တားမြစ်ချက်များကို ကယ်လီဖိုးနီးယားပြည်နယ် ရွေးကောက်ပွဲ ဥပဒေ၏ အပိုင်း ၁၈ ၏ အခန်း ၆ တွင် ချမှတ်ထားပါသည်။

# သတိပေးချက် - မဲဆွယ်စည်းရုံးခြင်းကို တားမြစ်သည်။

ချိုးဖောက်ပါက ဒဏ်ကြေး နှင့်/သို့မဟုတ် ထောင်ဒဏ် ကျခံရနိုင်ပါသည်။

## နေရာ -

- မဲစာရွက်ထည့်ရန် တန်းစီသူ၏ တိုက်ရိုက် အနီးဝန်းကျင်အတွင်း သို့မဟုတ် မဲပေးနေရာ၊ မဲဆန္ဒပေးသော ပလက်ဖောင်းပေါင် သို့မဟုတ် ထည့်သည့် သေတ္တာ စသည်တို့ ဝင်ပေါက်၏ ပေ ၁၀၀ အတွင်း အောက်ပါ လုပ်ဆောင်ချက်များကို တားမြစ်ထားသည်။

## တားမြစ်ထားသည့် လုပ်ဆောင်ချက်များ -

- ကိုယ်စားလှယ်လောင်း သို့မဟုတ် မဲပေးရမည့် စီမံချက် တစ်ခုခုအတွက် ဆန္ဒမဲပေးရန် သို့မဟုတ် ဆန့်ကျင်၍ ဆန္ဒမဲပေးရန် တောင်းဆိုခြင်း *မပြုလုပ်ပါနှင့်။*
- ကိုယ်စားလှယ်လောင်း၏ အမည်၊ ရုပ်ပုံ သို့မဟုတ် လိုဂိုကို ပြသခြင်း *မပြုလုပ်ပါနှင့်။*
- မည်သည့် မဲစာရွက်ထည့်သည့် သေတ္တာမဆိုထံ ဝင်ရောက်မှုကို ပိတ်ဆို့ခြင်း သို့မဟုတ် ယင်းအနီးအနားတွင် ယောင်ပေပေလုပ်ခြင်း *မပြုလုပ်ပါနှင့်။*
- မဲပေးနေရာ၊ မဲပေးဌာန သို့မဟုတ် မဲစာရွက် ထည့်သည့်သေတ္တာအနီး ကိုယ်စားလှယ်လောင်း သို့မဟုတ် မဲပေးရမည့် စီမံချက်အတွက် ထောက်ခံသော သို့မဟုတ် ဆန့်ကျင်သော မည်သည့် ပစ္စည်း သို့မဟုတ် ကြားနိုင်သည့် အချက်အလက်တစ်ခုခုကိုမဆို ပံ့ပိုးခြင်း *မပြုလုပ်ပါနှင့်။*
- ဦးဆောင်ဖော်ထုတ်မှု၊ ဆန္ဒခံယူမှု၊ ပြန်လည်ခေါ်ယူခြင်း သို့မဟုတ် ကိုယ်စားလှယ်လောင်း အဆိုပြုခြင်း အပါအဝင် မေတ္တာရပ်ခံချက်များကို ဖြန့်ဝေခြင်း *မပြုလုပ်ပါနှင့်။*
- ကိုယ်စားလှယ်လောင်း၏ အမည်၊ ရုပ်ပုံ၊ လိုဂို နှင့်/သို့မဟုတ် မည်သည့် ကိုယ်စားလှယ်လောင်း တစ်ဦး သို့မဟုတ် မဲပေးရမည့်စီမံချက် တစ်ခုကိုမဆို ထောက်ခံသည့် သို့မဟုတ် ဆန့်ကျင်သည့်အရာ တစ်ခုခု ပါဝင်သည့် မည်သည့် အဝတ်အထည် (ဦးထုပ်၊ ရှပ်အင်္ကျီ၊ ဆိုင်းဘုတ်၊ ကြယ်သီး၊ စတစ်ကာများ) ကိုမဆို ဖြန့်ဝေခြင်း၊ ပြသခြင်း သို့မဟုတ် ဝတ်ဆင်ခြင်း *မပြုလုပ်ပါနှင့်။*
- ဆန္ဒမဲပေးရန် ဆန္ဒမဲပေးသူ၏ အရည်အချင်း ပြည့်မီကြောင်းနှင့် စပ်လျဉ်း၍ ဆန္ဒမဲပေးသူထံ အချက်အလက်များ ပြသခြင်း သို့မဟုတ် ၎င်းနှင့် စကားပြောဆိုခြင်း *မပြုလုပ်ပါနှင့်။*

အထက်တွင် အကျဉ်းချုပ်ဖော်ပြထားသော မဲဆွယ်စည်းရုံးရေးဆင်းခြင်းအပေါ် တားမြစ်ချက်များကို ကယ်လီဖိုးနီးယားပြည်နယ် ရွေးကောက်ပွဲ ဥပဒေ၏ အပိုင်း ၁၈ ၏ အခန်း ၄ အပိုဒ်ခွဲ ၇ တွင် ချမှတ်ထားပါသည်။